# အများပြည်သူသိရှိစေရန် ကြေညာခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးဝါးနှင့်ပရဆေးဥယျာဉ်ဌာနခွဲ၊ ဆေးဝါးမှတ်ပုံတင်ဌာနစိတ်အနေဖြင့် တိုင်းရင်းဆေးဝါးမှတ်ပုံတင် နှင့် ထုတ်လုပ်ခွင့်လုပ်ငန်းလိုင်စင်များ လက်ခံစိစစ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)မှ တိုင်းရင်းဆေးပညာဦးစီးဌာန (ရုံးချုပ်) အဆောက်အဦသစ်၊ ရုံးအမှတ်(4-C) သို့ ဌာနမှပစ္စည်းများ၊ ပရိဘောဂများ၊ စာရွက်စာတမ်းများ၊ ဖိုင်များအား စနစ်တကျ ပြောင်းရွှေ့ရန် လိုအပ်ပါ၍ မှတ်ပုံတင်လက်ခံစိစစ်ခြင်း နှင့် ထုတ်လုပ်ခွင့်လုပ်ငန်းလိုင်စင်များလက်ခံစိစစ်ခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၇)ရက်နေ့ (တနင်္လာနေ့) မှ အောက်တိုဘာလ (၃၁)ရက်နေ့ (သောကြာနေ့) အထိ ခေတ္တ ဆိုင်းငံ့ရပ်နားထားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တိုင်းရင်းဆေးဝါးမှတ်ပုံတင်လျှောက်ထားခြင်း နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လုပ်ငန်းလိုင်စင်များ လက်ခံစိစစ်ခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများကို တိုင်းရင်းဆေးပညာဦးစီးဌာန (ရုံးချုပ်) အဆောက်အဦသစ်၊ ရုံးအမှတ် (4-C) ၌ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ(၅) ရက်နေ့မှ စတင်၍ ပြန်လည်ဆောင်ရွက်မည်ဖြစ်ပါကြောင်း တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များ နှင့် အများပြည်သူများသိရှိစေရန် ကြေညာအပ်ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန